# ဗစ်တိုးရီးယား အမျိုးသား ပန်းချီပြခန်းသို့ အလည်ခရီး

## သင်၏ NGV က ကြိုဆိုပါသည်!

NGV ဟုလည်းသိရှိသည့် ဗစ်တိုးရီးယား အမျိုးသားပန်းချီပြခန်းက ကလေးငယ်များ၊ ဆယ်ကျော်သက်များနှင့် မိသားစုများကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါသည်။ NGV သည် ဩစတြေးလျတွင် ရှေးအကျဆုံးနှင့် လာရောက်လည်ပတ်မှုအများဆုံး ပန်းချီပြခန်းတစ်ခု ဖြစ်သည်။ NGV နိုင်ငံတကာ (NGV International ) နှင့် Ian Potter စင်တာ – NGV ဩစတြေးလျ (The Ian Potter Centre: NGV Australia) ဟူသော မတူညီသော အဆောက်အအုံနှစ်ခုတွင် စူးစမ်းလေ့လာနိုင်မည့် NGV စုစည်းမှုတွင် အမျိုးအစားမတူသော အနုပညာလက်ရာပေါင်း 70,000 ကျော် ပြသထားပါသည်။ ပြခန်းနှစ်ခုစလုံးကို အခမဲ့လည်ပတ်ကြည့်ရှုနိုင်ပြီး နေ့စဉ် နံနက် 10 နာရီမှ ညနေ 5 နာရီအထိ ဖွင့်လှစ်ထားသည်။

NGV နိုင်ငံတကာသည် နိုင်ငံတကာအနုပညာလက်ရာများ ပြခန်းဖြစ်ပြီး သမိုင်းခေတ်ဦးမှသည် လက်ရှိဖန်တီးထားသည့် အနုပညာနှင့် ဒီဇိုင်းများအထိ ကမ္ဘာတစ်လွှားက အနုပညာလက်ရာများ ပါဝင်သည်။ Ian Potter စင်တာ – NGV ဩစတြေးလျသည် ဩစတြေးလျနိုင်ငံရှိ အနုပညာလက်ရာများ ပြခန်းဖြစ်ပြီး ဌာနေတိုင်းရင်းသားနှင့် တိုင်းရင်းသားမဟုတ်သူများ၏ ကိုလိုနီခေတ်မှ ယနေ့လက်ရှိအချိန်ထိ အနုပညာလက်ရာများကို ပြသထားပါသည်။

NGV သည် မိသားစုများအား လာရောက်လည်ပတ်ချိန်တွင် အခမဲ့ ကြည့်ရှုစရာနှင့် လုပ်ဆောင်စရာများစွာကို ကမ်းလှမ်းထားပါသည်။ Great Hall နှင့် Grollo Equiset ဥယျာဉ်မှာ ကလေးများအတွက် သွားလာစရာ၊ အပန်းဖြေ အနားယူစရာနှင့် ဩစတြေးလျ အနုပညာရှင် Leonard French ဖန်တီးထားသည့် ရောင်စုံမှန်ဆေးပန်းချီမျက်နှာကြက်ကို ငေးမောကြည့်ရှုရန် အကောင်းဆုံး နေရာများဖြစ်သည်။ NGV သို့ သွားရောက်လည်ပတ်ခြင်းကို ပန်းခြံထဲတွင် လမ်းလျှောက်ရသကဲ့သို့ ခံစားကြည့်ပါ။ အမျိုးမျိုးသောပန်းချီပြခန်းများကို စူးစမ်းသွားလာပြီး လမ်းတလျှောက် အနုပညာလက်ရာများကို ရှာဖွေပါ။ သင်၏လည်ပတ်မှုကို အကောင်းဆုံးဆောင်ရွက်နိုင်ရန်နှင့် သင်ရောက်ရှိသည့်အခါ မည်သည်တို့ ရှိနေသည်ကို ကူညီဆောင်ရွက်ပေးရန် ကျွန်ုပ်တို့အဖွဲ့ ဤနေရာတွင် ရှိနေပါသည်။

နောက်ဆုံးရအချက်အလက်များအတွက် သို့မဟုတ် NGV ကလေးသတင်းလွှာ မှာယူရန်အတွက် ngv.melbourne/kids သို့ ဝင်ရောက်ကြည့်ရှုပါ

NGV နိုင်ငံတကာ
180 St Kilda Road နေ့စဉ် နံနက် 10 နာရီ– ညနေ 5 နာရီ

Ian Potter စင်တာ– NGV ဩစတြေးလျ
Federation Square နေ့စဉ် နံနက် 10 နာရီ– ညနေ 5 နာရီ

## ကလေးငယ်များနှင့်အတူ ပန်းချီပြခန်းသို့ အလည်သွားရောက်ခြင်းဆိုင်ရာ အကြံပြုချက်များ

**ကျွန်ုပ် ကလေးလက်တွန်းလှည်း ယူဆောင်နိုင်ပါသလား။**

ယူဆောင်နိုင်ပါသည်၊ ပန်းချီပြခန်းအားလုံး ကလေးလက်တွန်းလှည်း အသုံးပြုနိုင်ပါသည်။ သင့်အနေနှင့် ကျောပိုးအိတ်များ၊ အိတ်ကြီးများ သို့မဟုတ် ထီးများ ယူဆောင်လာပါက ကျွန်ုပ်တို့အဖွဲ့မှ သင့်အား သင်ရောက်ရှိလာသည့်အခါ ဤပစ္စည်းများကို ပစ္စည်းအပ်ခန်းတွင် ထားခိုင်းပါမည်။ ပစ္စည်းများကို အခမဲ့အပ်ထားနိုင်ပါသည်။

**ကျွန်ုပ် စားစရာတစ်ခုခု ယူဆောင်လာနိုင်ပါသလား။**

သင့်အနေနှင့် NGV Great Hall နှင့် NGV ဥယျာဉ်မှာ စားသုံးရန် အိမ်မှ စားစရာအစားအစာများ ယူဆောင်လာနိုင်ပါသည်။ မိသားစုအကြိုက် အစားအစာ ရွေးချယ်စရာများလည်း NGV နိုင်ငံတကာ မြေညီထပ် ကဖီးဆိုင်ဖြစ်သည့် ပန်းချီးပြခန်း စားဖိုဆောင် (Gallery Kitchen )တွင် ရရှိနိုင်ပါသည်။ သင်၏အာဟာရလိုအပ်ချက်များနှင့် ကိုက်ညီသော စားသောက်ဖွယ်ရာ အမျိုးအမည်များစွာကို စိတ်ကြိုက်မှာယူနိုင်သည်။ အသားဟင်းမပါသည့် ဟင်းလား။ သက်သတ်လွတ်လား။ မစိုးရိမ်ပါနှင့်။ သင့်လိုအပ်ချက်များအား ဝန်ထမ်းကို အသိပေးပါ။

**သင့်မှာ မိဘအခန်းရှိပါသလား။**

NGV နိုင်ငံတကာ တွင် မိုက်ခရိုဝေ့မီးဖိုနှင့် အစာကျွေးရန် သီးသန့်နေရာ တစ်ခုပါသည့် မိဘအခန်းတစ်ခန်း ရှိပါသည်။ NGV ဩစတြေးလျမှ ကလေးအနှီးခန်းအသုံးအဆောင်များ ပေးပါသည်။ မိခင်နို့တိုက်ကျွေးခြင်းကို သင့်အနေဖြင့် သက်သောင့်သက်သာဖြစ်သည့်နေရာတိုင်းတွင် တိုက်ကျွေးနိုင်သည်။

**သင်ရရှိနိုင်သည့် အသုံးအဆောင်ပစ္စည်းများနှင့် ရင်းမြစ်များမှာ ဘာလဲ။**

NGV တွင် ဗီးလ်ချဲရရှိနိုင်ပြီး လူအနည်းငယ်နှင့် အမြင်အာရုံလှုံ့ဆော်မှု လျှော့ချထားသော အထူးပြပွဲများအတွက် အပန်းဖြေကဏ္ဍများအပါအဝင် ရရှိနိုင်သောရင်းမြစ်များနှင့် အခမ်းအနားပွဲများစွာကို ထောက်ပံ့ပေးသည်။ ဤကဏ္ဍများမှ အော်တစ်ဇင်ရှိသူများ၊ မသန်စွမ်းသူများ၊ ဦးနှောက်ထိခိုက်ဒဏ်ရာရထားသူများ၊ စိတ်ကျန်းမာရေး သို့မဟုတ် နာတာရှည်နာမကျန်းမှုအခြေအနေရှိသူများကို ထောက်ပံ့ပေးပါသည်။ သင့်အနေဖြင့် အသံ–ရုပ်ပြသမှုများ၊ နေရာထိုင်ခင်းများ သို့မဟုတ် အာရုံခံကိရိယာများ၏ တည်နေရာများကို ကြည့်ရှုရန် အာရုံခံ မြေပုံများကိုလည်း ဒေါင်းလုတ်ဆွဲနိုင်ပါသည်။ သတင်းအချက်အလက်များပိုမိုသိရှိရန် ngv.melbourne/access သို့ ဝင်ရောက်ကြည့်ရှုပါ။



Burmese